# ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ရည်မှန်းချက်

မြန်မာနိုင်ငံမှာ  ရဟန်းသံဃာတွေ၊ ပြည်သူတွေက သောင်းနဲ့ သိန်းနဲ့ချီပြီး ဆန္ဒပြတာကို ရက်ရက်စက်စက် နှိမ်နင်းဖြိုခွဲတာတွေ ရပ်ဆိုင်းဖို့ ကမ္ဘာ့နိုင်ငံတွေက အာဏာရှင် ဗိုလ်ချုပ်သန်းရွှေနဲ့ ဗိုလ်ချုပ်မောင်အေးတို့ကို တောင်းဆိုနေခဲ့တာ အခုဆိုရင် သုံးလရှိသွားပါပြီ။ တဆက်တည်းမှာပဲ ကမ္ဘာ့နိုင်ငံတွေက မြန်မာနိုင်ငံမှာ ဒီမိုကရေစီ အသွင်ကူးပြောင်းဖို့ ရည်မှန်းချက်အတွက် တွေ့ဆုံဆွေးနွေးပွဲကို မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင်တွေ၊ တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ စတင်ကြဖို့လည်း စစ်ခေါင်းဆောင် ဗိုလ်ချုပ်ကြီးတွေကို တောင်းဆိုနေခဲ့ကြပါတယ်။ မြန်မာပြည်သူတွေရဲ့တောင်းဆိုချက်၊ ကမ္ဘာ့နိုင်ငံတွေရဲ့တောင်းဆိုချက်တွေကို  မြန်မာစစ်အစိုးရအနေနဲ့ ဖြည့်ဆည်းပေးဖို့ အချိန်တန်နေပါပြီ။

စက်တင်ဘာဆန္ဒပြပွဲကို စစ်အစိုးရက နှိပ်ကွပ်ဖြိုခွဲနေကတည်းကစပြီးတော့ ကုလသမဂ္ဂအထူး အကြံပေး အီဘာရာဟင် ဂမ်ဘားရီဟာ လုံခြုံရေးကောင်စီရဲ့ ခိုင်မာတဲ့ ထောက်ခံချက်နဲ့အတူ မြန်မာနိုင်ငံကို နှစ်ကြိမ် တိုင်တိုင်ရောက်ရှိပြီး တွေ့ဆုံဆွေးနွေးပွဲ ဖြစ်မြောက်အောင် ကြိုးပမ်းကြဖို့ တိုက်တွန်း အကြံပေးခဲ့ပါတယ်။

ဒီမိုကရေစီ ခေါင်းဆောင်လည်းဖြစ်၊ နိုဘဲလ် ငြိမ်းချမ်းရေးဆုရှင်လည်း ဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်က ဂမ်ဘားရီ ကတဆင့် ကြေညာချက်တစောင် ထုတ်ပြန်ထားပါတယ်။ အဲဒီကြေညာချက်မှာ မြန်မာနိုင်ငံရဲ့ လူနည်းစု တိုင်းရင်းသားကိုယ်စားလှယ်တွေလည်း ပါဝင်နိုင်မယ့် အကျိုးဖြစ်ထွန်းနိုင်စေတဲ့ တွေ့ဆုံဆွေးနွေး ပွဲကို အချိန်ဇယား သတ်မှတ်ပြီး ကျင်းပတဲ့အခါ သူမအနေနဲ့ ပါဝင်ဖို့ဆန္ဒရှိတယ်လို့  ထပ်လောင်း အတည်ပြု ထားပါတယ်။

## လှုပ်ရှားသူတွေကို ဖမ်းနေ

အခုချိန်ခါမှာ မြန်မာနိုင်ငံကို အရပ်ဘက် ဒီမိုကရေစီ အစိုးရ အုပ်ချုပ်နိုင်မယ့် လမ်းကြောင်းပေါ် ရောက်ရှိလာ စေဖို့၊ နိုင်ငံတွင်း ပိုမိုတည်ငြိမ်စေပြီး ဖွံ့ဖြိုးတိုးတက်စေဖို့ ကမ္ဘာက ကူညီပေးနိုင်မယ့် ရှားရှားပါးပါး အခွင့် ကောင်းကြီး ဖြစ်နေပါတယ်။ ဒါပေမယ့် စစ်အစိုးရကတော့  အစပိုင်းမှာ သိပ်ပြီး ထူးထူးခြားခြား ထိရောက်ဖို့ မရှိနိုင်တာတွေပဲ လုပ်ပြနေခဲ့ပါတယ်။ နမူနာပြရရင် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဖို့ ဆက်ဆံရေး အရာရှိတဦးကို ခန့်ပေးလိုက်ရုံ၊ သူမကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လုပ်ဖော်ကိုင်ဖက် အနည်းငယ်နဲ့ တကြိမ် တွေ့ခွင့်ပေးလိုက်ရုံ ပါပဲ။ အဲဒီကတည်းကစပြီး မြန်မာနိုင်ငံကို တိုးတက်အောင် ကူညီပေးနိုင်ဖို့ ရှိနေ တဲ့ အရိပ်အယောင်တွေ ရပ်ဆိုင်းနေခဲ့ရတဲ့အပြင် အမှန်ဆိုရင် နောက်ကိုတောင် ပြန်ဆုတ်သွားနေပါပြီ။

ဒီကြားထဲမှာ စစ်အစိုးရက လှုပ်ရှားသူတွေကို လိုက်လံဖမ်းဆီးနေခဲ့ပါတယ်။ ဘုန်းကြီးတွေကိုလည်း ပိတ်ဆို့ နှောင့်ယှက်နေခဲ့ပါတယ်။ တလောကဆိုရင် အေအိုင်ဒီအက်စ် ဝေဒနာရှင်တွေ တထောက်ကွန်းခိုနေရတဲ့ ဘုန်းကြီးကျောင်း တကျောင်းကို ပိတ်ပစ်လိုက်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို  ပြန်မလွှတ်ပေးသေးပဲ နေအိမ် အကျယ်ချုပ်နဲ့ ဆက်လက် ထိန်းသိမ်းထားနေပါတယ်။ အစိုးရနဲ့ ဆက်သွယ်ဖို့ သူမအတွက် ဆက်ဆံရေးအရာရှိ နှစ်ဦးထားပေးဖို့ ဒေါ်အောင်ဆန်းစုကြည်က မေတ္တာရပ်ခံတာကိုလည်း ငြင်းဆန်နေခဲ့ပါ တယ်။

၂၀၀၇ ဒီဇင်ဘာ (၃)ရက်နေ့မှာတော့ စစ်အာဏာပိုင်တွေဘက်က အပြင်းထန်ဆုံး ထုတ်ဖော်ပြောဆိုလာတာ တွေ့ရပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရာမှာ အတိုက်အခံတွေ ပါဝင်တာကို ငြင်းပယ်လိုက်ပြီး တွေ့ဆုံဆွေးနွေးပွဲ မတိုးတက်နိုင်ရတာတွေအတွက် ဒေါ်အောင်ဆန်းစုကြည်အပေါ် အပြစ်တင်ထားတဲ့အပြင် စစ်အစိုးရက နှိမ်နင်းဖြိုခွဲနိုင်ခဲ့တဲ့ စက်တင်ဘာ ဆန္ဒပြပွဲဆိုတာ အသေးအဖွဲ့မျှသာ ဖြစ်တယ်လို့ ပြောဆိုသွား ပါတယ်။

ငြိမ်းချမ်းစွာ အကြမ်းမဖက် ဆန္ဒပြတဲ့ ရဟန်းသံဃာတွေ၊ ပြည်သူတွေကို စစ်အစိုးရက ရိုက်နှက် သတ်ဖြတ် ဖမ်းဆီး ထောင်ချတာတွေ၊ သတင်းရထားတဲ့ နှိပ်စက်ညှင်းပန်းတွေ ဒီလိုမျိုး  အကြမ်းဖက် နှိပ်ကွပ်ဖြိုခွဲတာ တွေကို အမေရိကန် အစိုးရက အသေးအဖွဲ့ကိစ္စလို့ သဘောမထားပါဘူး။ "*မြန်မာစစ်ဗိုလ်ချုပ်တွေဟာ ပြည်သူလူထု ခံစားနေရတာတွေကို စိတ်ကူးထဲတောင် ထည့်ပုံမရပါဘူး။ ဒါပေမယ့် ကမ္ဘာ့နိုင်ငံတွေကတော့*

*အဲဒီလို မဟုတ်ပါဘူး။ (မြန်မာပြည်သူတွေ ခံစားနေရတာတွေကို ကမ္ဘာ့နိုင်ငံတွေက ကူညီဖို့ အလေးအနက် စိတ်ကူးနေကြပါတယ်)* ” လို့ အမေရိကန် သမတ ကတော် လော်ရာဘွတ်ရှ် ပြောသလိုပါပဲ။

တွေ့ဆုံဆွေးနွေးပွဲဆိုတာ မြန်မာပြည်သူတွေက စစ်အာဏာပိုင်တွေနဲ့ ဆွေးနွေးနိုင်ဖို့ ဖြစ်ပါတယ်။ လက်ရှိအားဖြင့် တရားဝင်ရပ်တည်နေတဲ့ နိုင်ငံရေး ကိုယ်စားပြုသူတွေ၊ တိုင်းရင်းသားများအရေး ကိုယ်စားပြုသူတွေကတဆင့် ပြည်သူတွေက ဆွေးနွေးတာ ဖြစ်ပါတယ်။ နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေ မူကြမ်းရေးဆွဲရာမှာ ပြည်သူတွေ ပါဝင်ဖို့ ကိစ္စအပါအဝင် နိုင်ငံရေးလမ်းကြောင်းကို ပိုမိုကျယ်ပြန့်စေနိုင်မယ့် နည်းလမ်းတွေကို ဆွေးနွေးနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုသာ လုပ်နိုင်မယ်ဆိုရင် တရားဝင်လည်း ဖြစ်မယ်၊ လူထုထောက်ခံမှုလည်း ရရှိလာပါလိမ့်မယ်။ ဒီအခါမှာ မြန်မာနိုင်ငံမှာ ရှိနေတဲ့ ပြဿနာပေါင်းများစွာကို ဖြေရှင်းဖို့အတွက် မြန်မာ့လူနေမှု အသိုင်းအဝိုင်းထဲက အစွမ်းအစရှိမယ့်သူတွေ အလုံးအလောက် ထွက်ပေါ်လာကြမှာ ဖြစ်ပါတယ်။

## အကြီးမားဆုံး ခြိမ်းခြောက်မှု

နိုင်ငံကို စုစည်းနိုင်ဖို့ သူတို့စစ်အစိုးရ တဖွဲ့တည်းကသာ လုပ်နိုင်စွမ်း ရှိနေပြီး သူတို့ထိန်းချုပ်မှု ပြင်ပကနေ ပြောင်းလဲစေတာမှန်သမျှ တိုင်းပြည်ကို ဖရိုဖရဲ ဖြစ်စေလိမ့်မယ်၊ မတည်မငြိမ် ဖြစ်စေလိမ့်မယ်လို့ စစ်အစိုးရကတော့ စောဒက တက်နေတုန်းပါပဲ။ ဒါပေမယ့် လက်တွေ့မှာတော့ မြန်မာနိုင်ငံကို စည်းလုံးညီညွတ်စေဖို့နဲ့ တိုင်းပြည်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် စစ်အစိုးရနဲ့ သူ့မူဝါဒတွေကသာ အကြီးမားဆုံး ခြိမ်းခြောက်နေပါတယ်။

စစ်ခေါင်းဆောင်တွေကြောင့် မြန်မာပြည်သူတွေရဲ့လူနေမှုအဆင့်အတန်းတွေ နိမ့်ကျသထက် နိမ့်ကျလာနေရပါတယ်။ ပညာရေးနဲ့ ပြည်သူ့ကျန်းမာရေး ကဏ္ဍတွေမှာလည်း အခြေအနေတွေ ဆိုးသထက် ဆိုးလာနေရပါတယ်။ စစ်အာဏာပိုင်တွေကြောင့် ပြည်သူတွေဟာ တဖက်နိုင်ငံတွေဆီကို ဆက်လက် ထွက်ပြေးခိုလှုံနေရတုန်း ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးနဲ့ အန္တရာယ်ကြီးမားတဲ့ ရောဂါဘယတွေရဲ့ ဆိုးကျိုးကို အိမ်နီးချင်းနိုင်ငံတွေကလည်း ဆက်လက်ခံနေရတုန်း ဖြစ်ပါတယ်။ ပြည်သူလူထုကို စိတ်ထောင်း ကိုယ်ကြေဖြစ်စေရုံမက မခံမရပ်နိုင်လောက်အောင် ဖိနှိပ်လွန်းလို့ ပြည်သူတွေဟာ ရက်ရက်စက်စက် ဖြိုခွဲခံရမှန်း သိသိနဲ့ပဲ ထောင်သောင်းချီပြီး လမ်းပေါ်ထွက် ဆန္ဒပြလာရတာဖြစ်ပါတယ်။

စစ်အစိုးရရဲ့လုပ်ရပ်တွေဟာ အင်မတန် မနစ်မြှုနိုင်စရာ ကောင်းလှပါတယ်။ ဒီလောက်ဆိုးဝါးနေပေမယ့်လည်း မြန်မာစစ်အစိုးရရဲ့ အခန်းကဏ္ဍဟာ ဒီမိုကရေစီကို ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းဖို့ အရေးပါနေတယ်လို့ ဒေါ်အောင်ဆန်းစုကြည်နဲ့ အခြား ဒီမိုကရေစီ ခေါင်းဆောင်တွေက ပြောပါတယ်။

စစ်ခေါင်းဆောင် ဗိုလ်ချုပ်သန်းရွှေနဲ့ ဗိုလ်ချုပ်မောင်အေးတို့ နှစ်ဦးက ငြိမ်းချမ်းစွာ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို ဆန္ဒရှိကြောင်း မပြသပါဘူး။ ဒါကြောင့် စစ်အစိုးရဆီမှာ တာဝန်ထမ်းဆောင်နေရသူ အများစုဟာ စစ်အစိုးရ မူဝါဒတွေအတိုင်း တိုင်းပြည် ဦးတည်နေတာကို ပိုမို စိတ်ပျက်လက်ပျက် ဖြစ်လာပုံရပါတယ်။

မြန်မာနိုင်ငံကို ခိုင်မာတောင့်တင်းပြီး ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံအဖြစ်၊ တည်ငြိမ်အေးချမ်းပြီး ပြည်သူတွေလွတ်လပ်တဲ့ နိုင်ငံအဖြစ် အမေရိကန်ပြည်ထောင်စုက မြင်တွေ့လိုပါတယ်။ ဒီရည်မှန်းချက် ရောက်ဖို့အတွက် ကုလသမဂ္ဂ အထူးအကြံပေး ဂမ်ဘာရီက လုံခြုံရေးကောင်စီရဲ့ထောက်ခံမှုနဲ့ ပြေလည်အောင် ကြားဝင်ကူညီပေးနိုင်ဖို့ ရှိနေတဲ့ မြန်မာနိုင်ငံ အမျိုးသားရေးဆွေးနွေးပွဲကို ကျယ်ကျယ်ပြန့်ပြန့်လုပ်နိုင်ကြဖို့ နည်းလမ်းတခုပဲ ရှိတယ်လို့ အမေရိကန်က ယုံကြည်ထားပါတယ်။

အဲဒါကြောင့် မြန်မာနိုင်ငံမှာ တွေ့ဆုံဆွေးနွေးပွဲ စတင်ဖြစ်မြောက်ဖို့ ကုလသမဂ္ဂရဲ့ ကြားဝင်ကြိုးပမ်းနေတာတွေ၊ စစ်အစိုးရကို တိုက်တွန်း-ဖိအားပေးတာတွေ အပေါ်မှာ တရုတ်၊ အိန္ဒိယ၊ အာဆီယံနဲ့ အိမ်နီးချင်းနိုင်ငံတွေက ရှိရှိသမျှ ဖြစ်နိုင်သမျှ ဩဇာသက်ရောက်ပေးဖို့ အလွန်အမင်း အရေးကြီးနေပါတယ်။ ကုလသမဂ္ဂအနေနဲ့လည်း သံတမန်ရေးရာကိစ္စတွေကို သွက်သွက်လက်လက် လုပ်ဆောင်သင့်ပါတယ်။

## ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးဖို့

အဲဒီလို ဝိုင်းဝန်းလုပ်ဆောင်ကြရာမှာ အမေရိကန်ပြည်ထောင်စုကလည်း တစိတ်တပိုင်းပါဝင်မှာ ဖြစ်ပါတယ်။ အမေရိကန်က မြန်မာစစ်အစိုးရ ခေါင်းဆောင်တွေနဲ့ သူတို့ရဲ့နောက်လိုက် အသိုင်းအဝိုင်းတွေအပေါ်မှာ ဆက်လက်ပြီး စီးပွားရေးအရ ပြစ်ဒဏ်ခတ် ပိတ်ဆို့ထားနေမှာ ဖြစ်ပါတယ်။ ပုံမှန်အနေအထား ပြန်မရောက်မချင်း မြန်မာစစ်အာဏာရှင်တွေအပေါ် အမေရိကန်က ဆက်လက် ဖိအားပေးနေမယ်လို့ သမတ ဘွတ်ရှ်က ကတိပေးထားပါတယ်။ ကမ္ဘာ့နိုင်ငံတွေကလည်း မြန်မာပြည်သူတွေကို ကျောခိုင်းမသွားရပါဘူး။ မြန်မာစစ်အစိုးရက ပြည်သူတွေရဲ့ဂုဏ်သိက္ခာ၊ ပြည်သူတွေရဲ့တန်ဖိုးတွေ ဆက်လက်ကျဆင်းအောင် ဥပေက္ခာပြုနေတာကိုလည်း ကမ္ဘာ့နိုင်ငံတွေက ခွင့်မပြုရပါဘူး။ မြန်မာနိုင်ငံမှာ နိုင်ငံရေး အသွင်ကူးပြောင်းတာကို နိုင်ငံတကာ စံနှုန်းအတိုင်း အပြည့်အဝ ပြန်လည် ဖြစ်ပေါ်လာနိုင်စေမယ့် တွေ့ဆုံဆွေးနွေးပွဲ သေသေချာချာ အောင်မြင်လာဖို့ ကျနော်တို့အားလုံး အတူတကွ မြန်မာစစ်အစိုးရအပေါ် ကြံ့ကြံ့ခံ ဆက်လက် ဖိအားပေးတိုက်တွန်းနေရပါမယ်။

မြန်မာစစ်အစိုးရအနေနဲ့ အလေးအနက်ထား လုပ်ဆောင်ဖို့ သတိပေးနေတဲ့ ချက်ချင်းလက်ငင်း လုပ်ဆောင်ရမယ့် အချက်တွေ ရှိပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ အခြားနိုင်ငံရေး အကျဉ်းသမားတွေကို ပြန်လွှတ်ပေးဖို့၊ သူတို့ကို နိုင်ငံရေးအရ လွတ်လပ်စွာ စုစည်း လုပ်ဆောင်နိုင်စေဖို့နဲ့ နိုင်ငံရေး လှုပ်ရှားသူတွေအပေါ် လက်ရှိအနေအထားမှာ နှိပ်ကွပ်ဖြိုခွဲနေတာတွေကို ရပ်ဆိုင်းပေးဖို့ ဖြစ်ပါတယ်။

ဒီအတောအတွင်း မကြာခင်မှာပဲ ဂမ်ဘားရီဟာ မြန်မာနိုင်ငံကို ပြန်လည် ရောက်ရှိလာဖို့ စီစဉ်နေပါတယ်။ မြန်မာစစ်အစိုးရဟာ စစ်မှန်တဲ့ တွေ့ဆုံဆွေးနွေးပွဲကို စတင်တော့မှာ ဖြစ်တဲ့အကြောင်း၊ ဆွေးနွေးပွဲအောင်မြင်စေဖို့ လိုအပ်တာတွေကို လုပ်တော့မယ် ဆိုတဲ့အကြောင်း ဂမ်ဘားရီနဲ့ မြန်မာပြည်သူတွေကို ပြောဖို့ အချိန်တန်နေပါပြီ။ မြန်မာစစ်ဗိုလ်ချုပ်ကြီးတွေ ဒီအချိန်မှာ ဘာကို မျှော်လင့် စောင့်စားနေတာလဲလို့ မေးဖို့ အချိန်လည်း တန်နေပါပြီ။

မြန်မာဘာသာပြန် - လွင်အောင်စိုး
၂၀၀၈ ဇန်နဝါရီလ (၁၂)ရက်

ဆောင်းပါးရှင် - R. Nicholas Burns, U.S. undersecretary of state for political affairs
www.state.gov
မူရင်းဆောင်းပါး - The goal: A transition to democracy
Link: http://www.miamiherald.com/851/story/375058.html
Post dated: Fri, Jan. 11, 2008
©2007 The Washington Post